## နိဂုံး
## နေဘက်သို့မျက်နှာမူပါ

ခေါင်းဆောင်မှုပညာကို ကျွန်ုပ်တို့သည် ငယ်စဉ်ကတည်းက သင်ယူခဲ့ကြရသည်။ လက်တွေ့လည်း ကျင့်သုံးခဲ့ရသည်။ ကျင့်သုံးရင်းလည်း ဆက်သင်ခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ရာထူး၊ တာဝန်အဆင့်မြင့်လာသည်နှင့်အမျှ ခေါင်းဆောင်မှုအတတ်ပညာလည်း အဆင့်မြင့်လာခဲ့ကြပါသည်။ စီမံခန့်ခွဲမှုပညာနှင့် ပတ်သက်လာလျှင်မူ မည်သို့ဖြစ်ရပါသနည်း။ ကျွန်ုပ်တို့ခေါင်းဆောင်ရသည့် အဖွဲ့အစည်းကြီးမားလာမှု၊ ကျွန်ုပ်တို့၏ခေါင်းဆောင်မှု အဆင့် မြင့်မားလာမှုနှင့် ညီမျှအောင် စီမံခန့်ခွဲမှုအတတ်ပညာအဆင့်သည် လိုက်၍ အဆင့်မြင့်မားနေခဲ့ ပါသလား။ ပြန်လည်၍ စစ်ဆေးကြည့်ရန်လိုပါမည်။

အသက် (၂၀) မှ (၃၀) ခန့်အတွင်းရှိသော လူငယ်များသည် (၁၉၆၀) ပြည့်လွန်နှစ်များတွင် တက္ကသိုလ်ပညာရပ်များ သင်ကြားခဲ့ကြပြီးသည့်နောက် လုပ်ငန်းခွင်များသို့ ဝင်ရောက်လာခဲ့ကြ၏။ ယခုအခါ လုပ်ငန်းဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးတွင် လုပ်သက် အနှစ် (၃၀) ကျော်ခန့်ရလာကြပြီဖြစ်၍ အဖွဲ့အစည်း၏ခေါင်းဆောင်များ၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ အဖြစ် အရေးကြီးသော စီမံခန့်ခွဲမှုတာဝန်များကို ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ပါသည်။ ‘လွတ်တင်လိုက်သောစွန်သည် လေကိုဆန်၍သာ အမြင့်သို့ပျံတက်နိုင်သည်’ ဟူသော ဆိုစကားကဲ့သို့ပင် အခက်အခဲအမျိုးမျိုး၊ ရင်ဆိုင်မှုအမျိုးမျိုးကို ကျော်လွှား၍သာ ဤအဆင့်၊ ဤရာထူး၊ ဤတာဝန်တို့ကို ရရှိလာကြခြင်းဖြစ်ပေသည်။ အတွေ့အကြုံများလည်း အတော်များလာခဲ့ပြီဖြစ် ၏။ တက္ကသိုလ်၌ သင်ကြားခဲ့သော ပညာရပ်များကို လုပ်ငန်းခွင်အတွင်း စာတွေ့၊ လက်တွေ့ အတွေ့အကြုံများဖြင့် ပေါင်းစပ်ပြီး ယခုအချိန်တိုင် ကျွမ်းကျင်မှုပညာရပ်နယ်ပယ်များ၌ သုံးစွဲနေရဆဲ ဖြစ်ကြပါလိမ့်မည်။ “သို့ရာတွင် လက်အောက်အဖွဲ့အစည်းများနှင့် ဌာနများကို စီမံခန့်ခွဲရာ၌ မည်သည့်ပညာရပ်များကို သုံးစွဲနေကြပါသနည်း” ဟုမေးလျှင်မူ အများစုက “အတွေ့အကြုံများဖြင့်သာ စီမံခန့်ခွဲပါသည်” ဟု ရိုးသားစွာ ဖြေဆိုကြပါလိမ့်မည်။ အတွေ့အကြုံသည် အဖွဲ့အစည်းကြီးတစ်ခုကို စီမံခန့်ခွဲရန်အတွက် လုံလောက်သော အသိပညာပေးဝေနိုင်စွမ်း မရှိသည်ကို စာရှုသူများ လက်ခံနိုင်ကြပြီဟု ထင်ပါသည်။

ဤစာအုပ်သည် (၁၉၇၀) ပြည့်လွန်နှစ်များမှစ၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော စီမံခန့်ခွဲမှုဘာသာရပ်များမှ သင့်လျော်ရာများကို ရွေးထုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ အရေးကြီးသော စီမံခန့်ခွဲမှုတာဝန်များဖြင့် နေ့မအား၊ ညမနား အလုပ်လုပ်နေကြသော အဖွဲ့ အစည်းခေါင်းဆောင်များနှင့် အရာထမ်းများသည် အကြောင်းအမျိုးမျိုးကြောင့် စီမံခန့်ခွဲမှုပညာရပ်များကို အချိန်များစွာပေး၍ ဂရုတစိုက်မလေ့လာရသေးလျှင် အချိန်တိုအတွင်း လိုရင်းအချက် များကိုရရှိသွားစေရန် ရည်ရွယ်၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ထိုအချက်များကို ထုထည်ကြီးမားစွာ တည်ရှိပြီးဖြစ်နေသော အတွေ့အကြုံများနှင့် ပေါင်းစပ်လိုက်လျှင် အဖွဲ့အစည်းအတွက် ထူးခြားသောအကျိုးရလဒ်ကို ရရှိစေလိမ့်မည်ဟု ယုံကြည်ပါ

သည်။ အဖွဲ့အစည်းကြီးတစ်ခုကို အတွေ့အကြုံသက်သက်ဖြင့် စီမံခန့်ခွဲမှုကြောင့် အမှားအယွင်းများ ဖြစ်ပေါ်လာခဲ့သော် ပေးဆပ်ရ မည့်တန်ဖိုးများကား ကြီးမားလွန်းလှပါသည်။

ထို့ကြောင့် သင်၏ကိုယ်ကို နေဘက်သို့ မျက်နှာမူလိုက်ပါ။ သင်၏မျက်နှာသည် ဝင်းလက်လာပြီး အရိပ်မည်းကြီးသည် နောက်ကျောသို့ ရောက်သွားပါလိမ့်မည်။ စာမြည်း သဘောမျှသာဖြစ်သော ဤစာအုပ်ငယ်ကို ဖတ်ရှုပြီးနောက် စီမံခန့်ခွဲမှု အတတ်ပညာများကို အာရုံစူးစိုက်၍ ဆက်လက်လေ့လာကျင့်သုံးသွားကြပါ။ သင်၏အဖွဲ့အစည်းသည် အောင်မြင်မှု များဖြင့် ထွန်းထောက်လာပါလိမ့်မည်။ အမှားအယွင်းများသည် အရေးမကြီး မထင်ရှားသောအဆင့်သို့ လျော့ကျသွားပါလိမ့်မည်ဟု တင်ပြလိုက်ရပါသတည်း။